# ရေခွန်နှင့် တာတမံခွန်ဥပဒေ

# ရေခွန်နှင့် တာတမံခွန်ဥပဒေ

## [၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁]

### နိဒါန်း

နိုင်ငံတော်၏ အခြေခံစီးပွားရေးကဏ္ဍတရပ်ဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ငွေကြေးအရင်းအနှီး မြောက်မြားစွာ ကုန်ကျခံ၍ ဆည်မြောင်းတာတမံလုပ်ငန်းများကို တည်ဆောက်ထိန်းသိမ်းပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ပေးမှုကြောင့် အကျိုးခံစားခွင့်ရရှိသူ တောင်သူလယ်သမားများသည် ဆည်မြောင်းတာတမံများ တည်ဆောက်ထိန်းသိမ်းစရိတ် တစိတ်တဒေသကို နိုင်ငံတော်သို့ ပေးဆောင်စေရန်လည်းကောင်း၊ ဆည်မြောင်းတာတမံများမှရရှိသော အကျိုးကျေးဇူးများကို တန်ဖိုးထား၍ သုံးစွဲကြစေရန်လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

### အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရေခွန်နှင့်တာတမံခွန်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၇၂-၇၃ ခု၊ ဘဏ္ဍာရေးနှစ် အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လယ်ယာမြေ ဆိုသည်မှာ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်၊ ခြံ စိုက်ပျိုးမှုကိစ္စအတွက် အသုံးပြုသည့်မြေကိုဖြစ်စေ၊ မြို့ရွာ အတွင်း လူနေအိမ်ရာအဖြစ် သတ်မှတ်ထားသည့်မြေ၌ ဒသမ နှစ်ဒသမ ငါးကေအထက် စိုက်ပျိုးသောမြေကိုဖြစ်စေ ဆိုသည်၊

(ခ) အခွန် ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် အခွန်ကို ဆိုသည်၊

(ဂ) အခွန်ထမ်း ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့် ပုဂ္ဂိုလ်ကို ဆိုသည်၊

(ဃ) စည်းကြပ် ဆိုသည်မှာ ဤဥပဒေအရအခွန်ထမ်းကပေးဆောင် ရမည့် အခွန်သတ်မှတ်ခြင်းကို ဆိုသည်။

## အခန်း (၂)

## ရေခွန်နှင့် တာတမံခွန်ပေးဆောင်ရန် တာဝန်ရှိစေခြင်းနှင့် အခွန်နှုန်းများ သတ်မှတ်ခြင်း

၄။ မည်သည့်လယ်ယာမြေတွင်မဆို နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသည့် ဆည်မြောင်းလုပ်ငန်းများမှ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရယူသူသို့မဟုတ် တာတမံများ၊ ရေနုတ်မြောင်းများဖြင့် ရေဘေး အကာအကွယ်ရယူသူသည် ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်အောက်ပါနှုန်းများအတိုင်း အခွန်ပေးဆောင်ရန် တာဝန်ရှိစေရမည်—

(က) နိုင်ငံတော်က တည်ဆောက် ထိန်းသိမ်းထားသည့် ဆည်မြောင်းရေသောက်ဒေသများအတွက် တစ်ဧကလျှင်တစ်ဆယ်ကျပ်နှုန်း၊

(ခ) နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသည့် တာတမံများ၊ ရေနုတ်မြောင်းများဖြင့် ရေဘေးကာကွယ်ပေး ထားသည့် ဒေသများအတွက် တစ်ဧကလျှင် ၄ါးကျပ်နှုန်း၊

(ဂ) လယ်ယာမြေတရပ်ရပ်သည် ပုဒ်မခွဲ (က) နှင့် (ခ) နှစ်ရပ်လုံးနှင့်အကျုံးဝင် သက်ဆိုင်နေပါက တစ်ဧကလျှင် တစ်ဆယ်ကျပ်နှုန်း။

# အခန်း (၃)

## အခွန်စည်းကြပ်ခြင်း

၅။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် အခွန်စည်းကြပ်ရန် ရေခွန်နှင့် တာတမံခွန် စည်းကြပ်မှုအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။

၆။ ရေခွန်နှင့်တာတမံခွန် စည်းကြပ်မှုအဖွဲ့သည် ပုဒ်မ ၄ အရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူများက ပေးဆောင်ရမည့်အခွန်ကို စည်းကြပ်ရမည်။

## အခန်း (၄)

## အခွန်ကောက်ခံခြင်း

၇။ ရေခွန်နှင့်တာတမံခွန်ကို မြေခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း ကောက်ခံရမည်။

# အခန်း (၅)

## ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပြုခြင်း

၇။ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနဝန်ကြီးသည် နိုင်ငံတော်၏အကျိုးငှာ လယ်ယာမြေတရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတမျိုးမျိုးအတွက်ဖြစ်စေ အခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။ ယင်းသို့ဆောင်ရွက်ချက်ကို အနီးကပ်ဆုံးဝန်ကြီးအဖွဲ့ အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၈။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် အောက်ပါကိစ္စရပ်များတွင် မြေခွန်နှင့်ပတ်သက်၍ ဆောင်ရွက်သည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်—

(က) ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်းနှင့် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးသည့်အတွက် အခွန်သက်သာခွင့် သို့မဟုတ် လွတ်ငြိမ်းခွင့်ပြုခြင်း၊

(ခ) အခွန်မစည်းကြပ်ထိုက်ပဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမို စည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်းများကို ပြင်ဆင်ခြင်း၊ ကောက်ခံမရနိုင်တော့သည့်အခွန်ကို စာရင်းမှ ပယ်ဖျက်ခြင်း၊

(ဂ) အခွန်ထမ်းသည် ဥပဒေအရ ပေးဆောင်ထိုက်သည့် အခွန်ထက် ပိုမိုပေးဆောင်ထားကြောင်းတွေ့ရှိပါက ပိုငွေကိုပြန်အမ်းခြင်း။

## အခန်း (၆)

## ကြီးကြပ်ခြင်း

၁၀။ ဤဥပဒေပါကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ—

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေး ရွာ အုပ် စု ပြည်သူ့ကောင်စီဝင်များ၏ အခွန်ကောက်ခံမှု လုပ် ငန်း ကို ကြီးကြပ်ကွပ်ကဲရမည်၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ရေခွန်နှင့် တာတမံခွန် စည်းကြပ်မှုအဖွဲ့များ၏ ဆောင်ရွက်ချက်များကို လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့များ၏ အခွန်ကောက်ခံမှု လုပ်ငန်းများကိုလည်းကောင်း ကြီးကြပ်ကွပ်ကဲရမည်၊

(ဂ) ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် အခွန်စည်းကြပ်ကောက်ခံမှုနှင့်ပတ်သက်၍ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များ၏ ဆောင်ရွက် ချက်များကို ကြီးကြပ်ကွပ်ကဲရမည်၊

(ဃ) လယ်ယာနှင့်သစ်တော ဝန်ကြီးဌာနဝန်ကြီးသည် အခွန်စည်း ကြပ်မှုဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးသည် အခွန်ကောက် ခံမှုဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း လိုအပ် သလို ကြီးကြပ်လမ်းညွှန်နိုင်သည်။

# အခန်း (၇)

## အယူခံခြင်း

၁၁။ ရေခွန်နှင့် တာတမံခွန် စည်းကြပ်မှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့လည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သို့ လည်းကောင်း အခွန်ထမ်းက သက်ဆိုင်ရာအမိန့်ရရှိသည့်နေ့မှစ၍ ရက်သုံးဆယ်အတွင်း အယူခံနိုင်သည်။ ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်စေရမည်။

# အခန်း (၈)

## အခွန်အရကောက်ခံခြင်း

၁၂။ အခွန်ထမ်းသည် အခွန်တော်ငွေးခံလွှာတွင် သတ်မှတ်သည့် ရက်အတွင်း သို့မဟုတ် တိုးမြှင့်ပေးသည့် ရက်အတွင်း အခွန်ကိုပေးဆောင်ရန် ပျက်ကွက်လျှင် မပေးဆောင်သည့်ငွေကို မပြေကျန်ငွေအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အခွန်ထမ်းကို ပျက်ကွက်သူအဖြစ် လည်းကောင်း မှတ်ယူပြီး အဆိုပါ မပြေကျန်ငွေကို မြေခွန်မပြေ ကျန်ငွေ ကောက်ခံသည့် နည်းလမ်းအတိုင်း အရကောက်ခံရမည်။

## အခန်း (၉)

### အထွေထွေ

၁၃။ အခွန်စည်းကြပ်သည့် လုပ်ငန်းနှင့်ပတ်သက်၍—

(က) ရေခွန်နှင့် တာတမံခွန်စည်းကြပ်မှုအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသော ဝန်ထမ်းများသည် မည်သည့် လယ်ယာမြေတွင်မဆို စိုက်ပျိုးထားသည့် သီးနှံလုပ်ကွက်ကို သတ်မှတ်ထား သည့် အတိုင်း ဝင်ရောက်စစ်ဆေး တိုင်းတာနိုင်သည်၊ နယ်နိမိတ် သတ်မှတ်နိုင်သည်၊ မြေပုံထုတ်လုပ်နိုင်သည်၊

(ခ) ရေခွန်နှင့် တာတမံခွန် စည်းကြပ်မှုအဖွဲ့သည် သက်ဆိုင်သူကိုဖြစ်စေ၊ ကိုယ်စားလှယ်ကိုဖြစ်စေ ခေါ်ယူစစ်ဆေးနိုင်သည်၊ လိုအပ်သော စာရွက်စာတမ်းများကို တင်ပြစေနိုင်သည်။

၁၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များ ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ စည်းမျဉ်းများ၊ စည်းကမ်းများကို ဝန်ကြီးအဖွဲ့က လည်းကောင်း၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးကလည်းကောင်း ထုတ်ပြန်နိုင်သည်။

၁၅။ အောက်ဖော်ပြပါ အက်ဥပဒေများနှင့် စည်းမျဉ်းဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ အခွန်စည်းကြပ်ကောက်ခံခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်း ချက် များ နှင့် အညီ ဆောင် ရွက် ရ မည်။

သို့ရာတွင် ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အဆိုပါ ဥပဒေများတွင် ပြဋ္ဌာန်း ထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်—

(က) The Lower Burma Land and Revenue Act, 1876.

(ခ) The Burma Boundaries Act, 1880.

(ဂ) The Upper Burma Land and Revenue Regulation, 1889.

(ဃ) The Lower Burma Town and Village Lands Act, 1898.

(င) The Burma Canal Act, 1905.

၁၉၇၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ ၃ ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။